ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

# တနင်္သာရီတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေ

၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့အထိ
ပြင်ဆင်ထားသည့်အတိုင်းဖြစ်သည်။

(တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၂၆၊ ၂၇)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပယ်ဖော်ပြချက် | |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက်များ | |
| ၃။ | အခန်း(၃)<br>ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း | |
| ၄။ | အခန်း(၄)<br>ယဉ်ကျေးမှုအမွေအနှစ်ဒေသများထိန်းသိမ်းခြင်း | |
| ၅။ | အခန်း(၅)<br>ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း | |
| ၆။ | အခန်း(၆)<br>ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်း | |
| ၇။ | အခန်း(၇)<br>ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း | |
| ၈။ | အခန်း(၈)<br>စစ်ဆေးရေးအဖွဲ့တာဝန်ပေးအပ်ခြင်း | |
| ၉။ | အခန်း(၉)<br>ရန်ပုံငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း | |
| ၁၀။ | အခန်း(၁၀)<br>တားမြစ်ချက်များ | |
| ၁၁။ | အခန်း(၁၁)<br>ပြစ်မှုနှင့်ပြစ်ဒဏ်များ | |
| ၁၂။ | အခန်း(၁၂)<br>အထွေထွေ | |

# တနင်္သာရီတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အမှတ်၊ ၂၆၊ ၂၇)**

**၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)**

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို တာဝန်ခံရသည့် ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို တာဝန်ခံရသည့် ဝန်ကြီးကိုဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်မတီကိုဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးရှေးဟောင်းသုသေတနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီးဦးစီးမှူး** ဆိုသည်မှာ တိုင်းဒေသကြီးရှေးဟောင်းသုသေတနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အကြီးအမှူးကိုဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၊ ရှေးဟောင်းနေရာ၊ ရှေးဟောင်းဝတ္ထုပစ္စည်း စသည့် ဒြပ်ရှိယဉ်ကျေးမှုများကို ဆိုသည်။ ယင်းစကားရပ်တွင် ရိုးရာစကားပုံများ၊ ရိုးရာပွဲတော်များ၊ ရိုးရာတီးမှုတ်ကခုန်မှုများ၊ ရိုးရာဓလေ့များ၊ ရိုးရာအစဉ်အလာအလေ့အထများ ရိုးရာလက်မှုပညာ၊ ရိုးရာအသိပညာရပ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အမှတ်လက္ခဏာများ၊ ဖော်ပြချက်များစသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ လည်းပါဝင်သည်။

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာသော အောက်ပါတို့ပါဝင်သည်-

(၁) ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံ၊ ယင်းတို့တွင် ထုလုပ်ထားသည့်ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့် ပန်းချီ၊

(၂) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် လူသားတို့ ခိုအောင်းနေထိုင်ခဲ့သော ဂူ၊

(၃) ကမ္ဗည်းကျောက်စာ၊ မော်ကွန်း၊

(၄) လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံ အကြွင်းအကျန်၊

(၅) ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်၊ ယင်းတို့၏ အကြွင်းအကျန်။

(၄) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနေရာ ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိခဲ့သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်း မပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်းအဆောက်အအုံ တည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်းကိုဆိုသည်။

(၅) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရိဝုဏ်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခုတွင် အကျုံးဝင်သည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာသော အဝန်းအဝိုင်း နယ်နိမိတ်ကို ဆိုသည်။

(၃) **ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိသည့် နေရာဖြစ်သည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာသော ဇုန်ကိုဆိုသည်။

(ပ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းနေရာ တည်ရှိသည့် နေရာဖြစ်သည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာသော ဇုန်ကို ဆိုသည်။

(ဈ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ကြေညာထားသော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက သိရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရန်အတွက် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည် ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းဖြင့် တိုင်းရင်းသားမျိုးနွယ်စု များ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် စေရန်၊

(ဃ) တိုင်းရင်းသားမျိုးနွယ်စုများ၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေ အနှစ်များ ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင် ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ် ပေးရန်၊

(စ) ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်း၍ မပျောက်မပျက်အောင် ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းများ ကိုဆောင်ရွက်ရန်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း(၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ အောက်ပါဖုန်အမျိုးအစား တစ်ခုခုဖြစ်စေ၊ တစ်ခုထက်ပိုသောနေရာကိုဖြစ်စေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်ကြောင်း နယ်နိမိတ်ပြ၍ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ သတ်မှတ်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိစေရမည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်သူများနစ်နာမှုမရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း(၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းခြင်း

၆။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုသော်လည်းကောင်း အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် အဆောက်အအုံကို ဖျက်သိမ်းနိုင်သည်။

၇။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလပုံသဏ္ဌာန်နှင့် မူလလက်ရာပြောင်းလဲခြင်းမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားခြင်း၊ စည်းကမ်းချက်သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၈။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ အဆောက်အအုံဆောက်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၉။ အစိုးရအဖွဲ့သည် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာ၏ နယ်နိမိတ်နှင့် ပရိဝုဏ်အတွင်း ထွန်းယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့်ဆောင်ရွက်မှု တစ်စုံတစ်ရာမပြုလုပ်စေရန် တားမြစ်ရမည်။

၁၀။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍-

(က) လိုအပ်သော ကော်မတီ၊ အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

(ခ) ယင်းကော်မတီ၊ အဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ သက်တမ်းကိုလည်းကောင်း သတ်မှတ်ပေးနိုင်သည်။

(ဂ) လိုအပ်သော အသုံးစရိတ်များကို ခွဲဝေချထားပေးနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ခင်းကျင်းပြသခြင်းတို့ကို ပြုလုပ်နိုင်ရန် သင့်လျော်သောဒေသ၌ ယဉ်ကျေးမှုပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည်။

(ခ) ယဉ်ကျေးမှုပြတိုက်အား စီမံအုပ်ချုပ်သည့် အဖွဲ့များဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ လိုအပ်သော အသုံးစရိတ်များခွဲဝေ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၅)

## ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း

၁၂။ ကော်မတီသည် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန် တာဝန်ရှိသည်။ ယင်းကဲ့သို့ ဖော်ထုတ်ထိန်းသိမ်းရာတွင်-

(က) ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းပြုစု၍ မှတ်တမ်းတင်ခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်များအား ဦးစားပေးအဆင့် သတ်မှတ်နိုင်ရန် အစိုးရအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(ဂ) ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊

(င) ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို မှတ်တမ်းရယူခြင်း၊

(စ) ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြည်ပသို့ မရောက်စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာပြပွဲများ၊ ပွဲတော်များ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) ယဉ်ကျေးမှု အမွေအနှစ်များအား ပြည်သူလူထုအား တန်ဖိုးထားလေးစား ဂုဏ်ယူစေရန် လှုံ့ဆော်ပညာပေးခြင်း၊

(ဈ) ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

## အခန်း(၆)
## ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်း

၁၃။ အစိုးရအဖွဲ့သည် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ဆုံးရှုံးမှုမရှိစေရအောင် ကြိုတင်စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဝတ္ထုပစ္စည်းများကို ယဉ်ကျေးမှုပြတိုက်များ၌ စနစ်တကျထိန်းသိမ်းထားရှိစေခြင်း၊

(ဂ) ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြည်ပသို့ ခိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို တားဆီးအရေးယူခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၊ ရှေးဟောင်းနေရာများ၊ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအစရှိသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ လက်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း။

## အခန်း(၇)

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှအောက်ပါတို့ကို မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်း-

(၁) အဆောက်အအုံဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများကို ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်း ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အခြားအဆောက်အအုံတစ်ခုခုကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း-

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဍာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၃) လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ ရေတွင်း၊ ရေကန် စသည်တို့ကို ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း။

၁၅။ အောက်ပါကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် အလို့ငှာ သတ်မှတ်ချက်များနှင့် အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများမှအပ အခြားအဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးမြှင့်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံ နယ်နိမိတ်ကိုတိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကိုတိုးချဲ့ခြင်း။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း(၈)
## စစ်ဆေးရေးအဖွဲ့တာဝန်ပေးအပ်ခြင်း

၁၇။ ဝန်ကြီးသည် သင့်လျော်သောပုဂ္ဂိုလ်များ၊ ပညာရှင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၈။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု အမွေအနှစ်များ၏မြင်ကွင်းကို ထိခိုက်ပျက်စီး စေနိုင်ခြင်းရှိမရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် ကင်းလွတ်မှုရှိမရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင် သဘာဝမြင်ကွင်းကိုအဟန့်အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိမရှိစစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေ နိုင်ခြင်းရှိမရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိမရှိစစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) စစ်ဆေးတွေ့ရှိချက်များကို အကြံပြုချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဝန်ကြီးထံပြန်လည်တင်ပြခြင်း၊

(ဇ) အစိုးရအဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## **အခန်း(၉)**
## **ရန်ပုံငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း**

၁၉။ ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်းနှင့် သုတေသနပြုတူးဖော်မှုလုပ်ငန်း များဆောင်ရွက်ရန်လိုအပ်မည့်ရန်ပုံငွေကို အစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေရှာဖွေခြင်း၊

(ဂ) ပြည်တွင်းပြည်ပအလှူရှင်များက ၎င်းတို့၏ သဘောဆန္ဒအလျောက်လှူဒါန်းသောရန်ပုံငွေကို လက်ခံထိန်းသိမ်းခြင်း၊

(ဃ) သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ရန်ပုံငွေများသုံးစွဲခြင်း။

## အခန်း(၁၀)

## တားမြစ်ချက်များ

၂၀။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသော ဇုန်းနယ်နိမိတ်၊ ပရိဝုဏ်တို့တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။

၂၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ကြေညာထားသည့်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပျက်စီးစေခြင်း၊ ပျက်ယွင်းစေခြင်း၊ တန်ဘိုးလျော့ပါးအောင်ပြုလုပ်ခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန်ကြံရွယ်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူရင်းအမည်နာမကို အမည်သစ်သို့ ပြင်ဆင်ပြောင်းလဲခြင်း၊ သုံးစွဲခေါ်တွင်စေခြင်း၊

(ဃ) မြေပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ရှာဖွေတူးဖော်ခြင်း၊

(င) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် စူးစမ်းဆောင်ရွက်ခြင်း၊ မြေသားပြုပြင်ခြင်း၊ တူးဖော်ခြင်း စသည်တို့ကို မပြုလုပ်ရ။

၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ထွန်းယက်စိုက်ပျိုးခြင်းမပြုရ။ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရ။

၂၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ကြောင်း သတ်မှတ်ကြေညာထားသော အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ သာသနာတော်ဆိုင်ရာ အဆောက်အအုံ၊ နန်းတော်၊နန်းတော်ရာ စသည်များ၊ ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရုပ်ကြွ စသည်များ၊ ရေးဆွဲထားသည့် ပန်းချီ၊ နံရံဆေးခြယ်သမှုလက်ရာများ၊ ကမ္ပည်းကျောက်စာ၊

မော်ကွန်း၊ မှတ်တမ်းအစရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ တန်ဘိုးလျော့ပါးအောင် ပြုလုပ်ခြင်းမပြုရ။

၂၄။ မည်သူမျှ ရှေးဟောင်းနေရာ၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ ပရိဝုဏ်၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်တို့အတွင်း အသစ်တည်ဆောက်မှု တစ်စုံတစ်ရာမပြုလုပ်ရ။

၂၅။ မည်သူမျှ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြည်ပသို့ခိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ယင်းကဲ့သို့ ပြုလုပ်ရန်အားထုတ်ခြင်း၊ အားပေး ကူညီခြင်းမပြုရ။

## အခန်း(၁၁)
## ပြစ်မှုများနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ခုနစ်နှစ်ထိထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင်ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းငါးဆယ်ထိ ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့် တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊ တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကိုမူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ခ) မည်သူမဆို အထက်အပိုဒ်(က) အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးသီး

အတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်ငါးထောင်မှ ကျပ်ငါးသောင်းထိ ချမှတ်ခံရမည်။

## အခန်း(၁၂)
## အထွေထွေ

၃၀။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရန် ခိုင်လုံသော အကြောင်းအပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၃၁။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိသူသည် နီးစပ်ရာ ယဉ်ကျေးမှုပြတိုက် သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းထံသို့ သတင်းပို့ အကြောင်းကြားရန် တာဝန်ရှိသည်။

၃၂။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းများအား သားစဉ်မြေးဆက်ထိန်းသိမ်း တည်တံ့စေရန်အလို့ငှာ ယဉ်ကျေးမှုပြတိုက်များသို့ လှူဒါန်းခွင့်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်း၏ တန်ဘိုးအလျောက် ချီးမြှင့်ငွေ၊ ဆုငွေများခံစားခွင့်ရှိသည်။

၃၃။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို လက်ဝယ်ရှိသူသည် အစိုးရအဖွဲ့သို့ဖြစ်စေ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနသို့ဖြစ်စေ၊ ယဉ်ကျေးမှုပြတိုက်သို့ဖြစ်စေ လှူဒါန်းခြင်း၊ တန်ဘိုးသင့်၍ ရောင်းချခြင်းပြုနိုင်သည်။

၃၄။ ဤဥပဒေအရ အရေးယူစွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုကိုကျူးလွန်သူအား ဤဥပဒေအရသာလျှင် အရေးယူစွဲဆိုရမည်။

၃၆။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်းရာတွင် အားပေးကူညီသူကိုလည်း ယင်းပုဒ်မပါပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သဖြင့် ယဉ်ကျေးမှုအမွေအနှစ်တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့လျှင် ကော်မတီက စိစစ်တင်ပြသော လျော်ကြေးကို ရရှိစေရန် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူမှ တရားစွဲဆိုနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မြတ်ကို**
**ဝန်ကြီးချုပ်**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

# တိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး နည်းဥပဒေများ

၁၃၇၆ ခုနှစ်၊ လဆန်း (   )ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၅
## ၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း(၄) ရက်
## (၂၀၁၅ခုနှစ်၊ မတ်လ (၂၃)ရက်)

### အခန်း(၁)
### အမည်နှင့် အဓိပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **တနင်္သာရီတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနည်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တနင်္သာရီတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထိုအပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **လျှောက်ထားသူ**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားသော ဇုန်အမျိုးအစားတစ်ခုခုတွင် ဥပဒေပုဒ်မ ၁၄နှင့် ပုဒ်မ ၁၅ပါ ကိစ္စရပ်တစ်ခုခုကို ပြုလုပ်ရန် လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။

(ဂ) ပုံစံဆိုသည်မှာ ဤဥပဒေတွင်ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။

# အခန်း(၂)
# ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၃။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄အရ ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေနယ်နိမိတ်ဖော်ပြ၍အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ပြီး ပြန်လည်တင်ပြနိုင်ရန် ကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီက တာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာ နယ်မြေအတွင်း ကွင်းဆင်းလေ့လာခြင်း၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်း၊ မြေရာဇဝင် စုံစမ်းခြင်းနှင့် ဇုန်အမျိုးအစားခွဲခြားခြင်းတို့ကို နောက်ဆက်တွဲ(က)ပါ သတ်မှတ်ချက် များနှင့်အညီ စိစစ်ပြီး အထောက်အထား၊ စာရွက်စာတမ်းများနှင့်အတူ ကော်မတီထံသို့ တင်ပြရမည်။ ကော်မတီသည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို ပြုစုပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၅။ ကော်မတီသည်အစိုးရအဖွဲ့မှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ သတ်မှတ်မြေအတွင်းတွင် အမှတ်အသားကျောက်တိုင် သို့မဟုတ် ထင်ရှားသော အမှတ်အသား တစ်ခုခုကို စိုက်ထူခြင်းနှင့် ကြေညာခြင်းတို့ကို ဆောင်ရွက်ရမည်။

၆။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၅နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် လိုအပ်ပါက အစိုးရဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေကို သိမ်းယူရေးအတွက်လည်ကောင်း၊ ပုဂ္ဂလိကသို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းပိုင်မြေကို သိမ်းယူရေးအတွက်လည်ကောင်း ကော်မတီအား သက်ဆိုင်ရာအစိုးရဌာနသို့မဟုတ် အစိုးရ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်။ ကော်မတီသည် သက်ဆိုင်ရာမြေနှင့် စပ်လျဉ်းသည့် မြေပုံ၊ မြေရာဇဝင်၊ မြေကိုသိမ်းယူနိုင်သည့်ခိုင်လုံသော အကြောင်းပြချက်များ ဖော်ပြ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်။ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက ကော်မတီသည် အဆိုပါမြေအား သိမ်းယူခြင်းနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း တို့ကို ဆောင်ရွက်ရမည်။

## အခန်း(၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသထိန်းသိမ်းခြင်း

၇။ အစိုးရအဖွဲ့သည်ပုဒ်မ ၆တွင် အကျုံးဝင်သော ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မြင်ကွင်းကို လည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း အဟန့်အတားအနှောင့်အယှက် ဖြစ်စေသည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံမဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းရေးအတွက် စုံစမ်းတင်ပြရန် ကော်မတီအား တာဝန်ပေးအပ်နိုင်သည်။ ကော်မတီသည် အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ အဆိုပါ ရှေးဟောင်းအထိမ်းအမှတ်မဟုတ်သော အဆောက်အအုံအား ဥပဒေပုဒ်မ၆နှင့် အကျုံးဝင်ခြင်း ရှိမရှိစိစစ်ပြီး ခိုင်လုံသော အထောက်အထားများနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်။ အစိုးရအဖွဲ့သည် ကော်မတီ၏တင်ပြချက်ကိုသဘောတူညီပါက ဖျက်သိမ်းခွင့်အမိန့်ကို ထုတ်ပြန်နိုင်သည်။

၈။ ဥပဒေပါ ပုဒ်မ ၆ တွင် အကျုံးဝင်သော ရှေးဟောင်းအထိမ်းအမှတ်မဟုတ်သည့် အဆောက်အအုံသည် အစိုးရဌာနပိုင်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဖျက်သိမ်းနိုင်သည်။

၉။ ဥပဒေပုဒ်မ ၆ တွင် အကျုံးဝင်သော ရှေးဟောင်းအထိမ်းအမှတ် မဟုတ်သည့် အဆောက်အအုံသည် ပုဂ္ဂလိကပိုင်ဖြစ်ပါက ပိုင်ရှင်သို့ နို့တစ်(Notice) ပေးပို့ကာ ဖျက်သိမ်းနိုင်သည်။

၁၀။ ကော်မတီသည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဍာန်၊ မူလရှေးဟောင်းလက်ရာတို့နှင့် စပ်လျဉ်းသည့် ဓာတ်ပုံမှတ်တမ်းများ၊ အသေးစိတ်ပုံဆွဲမှတ်တမ်းများနှင့် သမိုင်းမှတ်တမ်းအထောက်အထားများကို ပြုစုလျက် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။ အစိုးရအဖွဲ့သည် ကော်မတီကခိုင်လုံသော အထောက်အထားများဖြင့် စိစစ်တင်ပြလာပါက မူလရှေးဟောင်းပုံသဏ္ဍာန်၊ မူလရှေးဟောင်းလက်ရာများ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာဂေါပကအဖွဲ့အား ညွှန်ကြားနိုင်သည်။

၁၁။ သက်ဆိုင်ရာဂေါပကအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဍာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း

လက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်လိုပါက ဥပဒေပုဒ်မ ၁၅ နှင့် အညီ ကြိုတင်ခွင့်ပြုချက်ရရှိရန် လျှောက်ထားရမည်။

၁၂။ ကော်မတီသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီ၊ မြေစာရင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့်စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်၍ အစိုးရအဖွဲ့သို့တင်ပြရမည်။ အစိုးရအဖွဲ့သည် ကော်မတီမှတင်ပြလာသော စည်းကမ်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန်ရှိပါက လိုအပ်သလို ပြင်ဆင်ဖြည့်စွက်၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအလိုက် သတ်မှတ်ပေးရမည်။

၁၃။ ကော်မတီသည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများလုံခြုံမှုရှိစေရန်လိုအပ်သည့် စီမံမှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၄။ အစိုးရအဖွဲ့သည် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာဟု သတ်မှတ်ထားသော နယ်နိမိတ်နှင့် ပရိဝုဏ်အတွင်း မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်းမပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာမပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၅။ ကော်မတီသည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာတစ်ခု၏ ပရိဝုဏ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာ၏ တည်နေရာ၊

အမျိုးအစား၊ အနေအထား၊ မြေရာဇဝင်၊ ပတ်ဝန်းကျင်အခြေအနေတို့ကို လေ့လာခြင်းနှင့် မြေတိုင်းတာခြင်းတို့ကို ပြုလုပ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) အထက်အပိုဒ် (က)အရ တင်ပြပြီး သတ်မှတ်ထားသော ပရိဝုဏ် အတွင်းတွင် ဖွင့်လှစ်သော ဆိုင်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၁၆။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၇ တွင် ဖော်ပြထားသော လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၄)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၇။ ဖုန်အမျိုးအစားတစ်ခုခုအတွင်း ဥပဒေပုဒ်မ ၁၄ နှင့် ၁၅ တို့တွင် ဖော်ပြထားသော ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် ကော်မတီသို့ လျှောက်ထားရာတွင်ဖြစ်စေ၊ ခွင့်ပြုမိန့်ထုတ်ပေးရာတွင်ဖြစ်စေ အောက်ပါပုံစံများကို အသုံးပြု၍ ဆောင်ရွက်ရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းကို ပြုလုပ်လိုပါက ပုံစံ(၁)ဖြင့် လျှောက်ထားရမည်။

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းကို ခွင့်ပြုပါက ခွင့်ပြုအမိန့်ကို ပုံစံ(၂)ဖြင့် ထုတ်ပေးရမည်။

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများအပ အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းကို ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာအတွင်းတွင် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံမှအပ အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဂင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းကို ခွင့်ပြုပါက ပုံစံ(၄)ဖြင့် ထုတ်ပေးရမည်။

(င) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဂင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်းကို ပုံစံ(၅)ဖြင့် လျှောက်ထားရမည်။

(စ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဂင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းကို ခွင့်ပြုပါက ခွင့်ပြု မိန့်ကို ပုံစံ(၆)ဖြင့် ထုတ်ပေးရမည်။

(ဆ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဂင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းကို ပုံစံ(၇)ဖြင့် လျှောက်ထားရမည်။

(ဇ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဂင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းကို ခွင့်ပြုပါက ခွင့်ပြုမိန့်ကို ပုံစံ(၈)ဖြင့်ထုတ်ပေးရမည်။

(ဈ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်းကို ပုံစံ(၉)ဖြင့် လျှောက်ထားရမည်။

(ည) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း

လက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်း ဆောင်ရွက်ခြင်းကို ခွင့်ပြုပါက ခွင့်ပြုအမိန့်ကို ပုံစံ(၁၀)ဖြင့် ထုတ်ပေးရမည်။

(ဋ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်းကိုပုံစံ(၁၁)ဖြင့် လျှောက်ထားရမည်။

(ဌ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်းကိုခွင့်ပြုပါက ခွင့်ပြုခြင်းအမိန့်ကို ပုံစံ(၁၂)ဖြင့် ထုတ်ပေးရမည်။

(ဍ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံများမှအပ အခြား အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဂေါင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်းကို ပုံစံ(၁၃)ဖြင့် လျှောက်ထား ရမည်။

(ပ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံများမှအပ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဂေါင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်းကိုခွင့်ပြုပါက ခွင့်ပြုချက်အမိန့်ကို ပုံစံ(၁၄)ဖြင့်ထုတ်ပေးရရမည်။

(ဏ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း၊ ရေတွင်း၊ရေကန်၊ ငါးမွေးမြူရေး ကန်တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်းကိုပုံစံ (၁၅)ဖြင့် လျှောက်ထား ရမည်။

(တ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း၊ ရေတွင်း၊ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်းကို ခွင့်ပြုပါက ခွင့်ပြုမိန့်ကို ပုံစံ(၁၆) ဖြင့်ထုတ်ပေးရမည်။

၁၈။ ကော်မတီသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်။
၁၉။ အစိုးရအဖွဲ့သည် ကော်မတီ၏ တင်ပြချက်ကိုစိစစ်ပြီး လျှောက်ထားသူအား ခွင့်ပြုနိုင် သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။
၂၀။ ကော်မတီသည် အစိုးရအဖွဲ့က ခွင့်ပြုသည့်အခါ လျှောက်ထားသူအား လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုမိန့်ကိုထုတ်ပေးနိုင်သည်။
၂၁။ အစိုးရအဖွဲ့သည် ကော်မတီတို့သည် ဥပဒေပုဒ်မ ၁၄ ၊ပုဒ်မ ၁၅ ပါလျှောက်ထား ချက်များကို စိစစ်ရာတွင် ဥပဒေပုဒ်မ ၁၇ ပါအချက်များကိုအခြေခံရမည်။

## အခန်း(၅)
## ဖုန်အမျိုးအစားလိုက်လိုက်နာရမည့်တားမြစ်ချက်များ ကြေညာခြင်းနှင့်စစ်ဆေးခြင်း

၂၂။ ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်ထားသော ဖုန်အမျိုးအစားအလိုက် တားမြစ်ချက်များကို သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။
၂၃။ ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ သတ်မှတ်ထားသော ဖုန် အမျိုးအစားအလိုက် တားမြစ်ချက်ပါ ကြော်ငြာဆိုင်းဘုတ်များကို စိုက်ထူရမည်။
၂၄။ ကော်မတီ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားသူသည် ယဉ်ကျေးမှု အမွေအနှစ် ဒေသရှိ ဖုန်များအားပုံမှန်စစ်ဆေးခြင်းနှင့်ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ် ရမည်။

## အခန်း(၆)
## အထွေထွေ

၂၅။ ကော်မတီသည် ဥပဒေပုဒ်မ ၂၉ အရ ချမှတ်သည့်တရားရုံး၏အမိန့်ကို အကောင်ထည် ဖော်ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အစိုးရအဖွဲ့သို့အစီရင်ခံတင်ပြ ရမည်။

၂၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့သို့ဖြစ်စေ လွှဲအပ်နိုင်သည်။

၂၇။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန်အကြောင်းပေါ်ပေါက်လျှင်-

(က) ပြည်ထောင်စုယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဒေသဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးအဖွဲ့သို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

(ခ) တိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဒေသဖြစ်ပါက ကော်မတီနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

၂၈။ ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင်ဖုန်ဝင်ကြေးများကို နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့်လည်းကောင်း အစိုးရအဖွဲ့က သတ်မှတ်သောနှုန်းဖြင့် ကောက်ခံနိုင်သည်။ ဖုန်ဝင်ကြေးသတ်မှတ်ချက်ကို အစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

**(ပုံ) ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

နောက်ဆက်တွဲ(က)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် ယေဘုယျသတ်မှတ်ချက်များ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဖုန်အတွက် ယေဘုယျသတ်မှတ်ချက်များ

(၁) လွန်ခဲ့သောနှစ်(၁၀၀)မတိုင်မီက တည်ရှိခဲ့သောအဆောက်အအုံဖြစ်ခြင်း၊

(၂) သတ်မှတ်သောခေတ်ကာလ၏ အနုပညာနှင့် ဗိသုကာလက်ရာများတည်ရှိခြင်း၊

(၃) ရှေးဟောင်းနေရာအဖြစ် တူးဖော်ပြုလုပ်ထားခြင်း၊

(၄) အဆောက်အအုံ၏ ပရိဝုဏ်မှ ပေ(၉၀) အကျယ်အဝန်းအတွင်းလူနေမှု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှု မရှိဘဲသီးသန့်တည်ရှိခြင်း၊

(၅) ရှေးဟောင်းသုတေသနဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်နိုင်ခြင်း၊

(၆) သမိုင်းကြောင်းအထောက်အထားများအရ အရေးပါသော အဆောက်အအုံဖြစ်ခြင်း။

## ရှေးဟောင်းနေရာတည်ရှိရာဖုန်အတွက် ယေဘုယျသတ်မှတ်ချက်များ

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ တစ်ခုချင်းသော်လည်းကောင်း၊ အစုလိုက်သော်လည်းကောင်း၊ တည်ရှိနေခြင်း၊

(၂) မြေပေါ်မြေအောက်မှ ရှေးဟောင်းဝတ္ထုပစ္စည်းများတွေ့ရှိသော နေရာဖြစ်ခြင်း၊

(၃) ရှေးဟောင်းသုတေသနတူးဖော်မှုများ ပြုလုပ်ထားသောနေရာဖြစ်ခြင်း၊

(၄) ရှေးဟောင်းသုတေသနအထောက်အထားများ တွေ့ရှိသော နေရာဖြစ်ခြင်း၊

(၅) ရှေးဟောင်းသုတေသနဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှုများ၊ ဆောင်ရွက်ထိန်းသိမ်းထားသော နေရာဖြစ်ခြင်း၊

(၆) ပတ်ဝန်းကျင်တွင် လူနေမှုဘဝကို ထိခိုက်မှုမရှိစေဘဲ ပေ(၉၀)အထိ တည်ရှိနေခြင်း

(ဥပမာ- ယာမြေ၊ လယ်မြေများ၊ လူနေအိမ်ရာများ)

## ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွက် ယေဘုယျသတ်မှတ်ချက်များ

(၁) အဆိုပါဒေသအတွင်း ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် အကျုံးဝင်တည်ရှိခြင်း၊

(၂) ဒေသ၏ နယ်နိမိတ်အတွင်း ရှေးဟောင်းသုတေသနအထောက်အထားများ တွေ့ရှိနေသောနေရာဖြစ်ခြင်း၊

(၃) ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ၊ ရှေးဟောင်းနေရာများနှင့် ဒေသမြင်ကွင်းအား ထိခိုက်ပျက်စီးမှုမရှိစေရန် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း။

ပုံစံ(၁)

# ရေးပေဟာင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းအတွက် လျှောက်လွှာ

(နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(က))

သို့

ဥက္ကဋ္ဌ

ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးကော်မတီ

တနင်္သာရီတိုင်းဒေသကြီး

အကြောင်းအရာ။ ------------------------------------------------------------

**<u>အတွက်ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း။</u>**

---------------------တိုင်းဒေသကြီး/ ပြည်နယ်၊ -------------------ခရိုင်၊-------------- မြို့နယ်၊------------------------------ မြို့/ရပ်ကွက်/ကျေးရွာရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်းအတွက် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ၊ နည်းပဒေ၊ တည်ဆဲအခြားဥပဒေများနှင့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုမိန့်ရရှိနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လျှောက်ထားသည့်ပုဂ္ဂိုလ်အမည်/ | -------------------------------- |
| | အဖွဲ့အစည်းအမည် | -------------------------------- |
| | (နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်ပါက | -------------------------------- |
| | ဂန်ကြီးဌာနအမည်ဖော်ပြရန်) | -------------------------------- |
| ၂။ | မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေး | -------------------------------- |
| | ကတ်ပြားအမှတ်/ | -------------------------------- |
| | အဖွဲ့အစည်းမှတ်ပုံတင်အမှတ် | -------------------------------- |

(အဖွဲ့အစည်း/အသင်းအဖွဲ့၏ ---------------------------------
မှတ်ပုံတင်ဓာတ်ပုံမိတ္တူ ---------------------------------
ပူးတွဲတင်ပြရန်)

၃။ ဆက်သွယ်ရန်လိပ်စာ (အပြည့်အစုံ) ---------------------------------
နှင့် တယ်လီဖုန်းနံပါတ် ---------------------------------

၄။ တည်ဆောက်/ တိုးချဲ့ဆောက်လုပ်/ ---------------------------------
ပြင်ဆင်လိုသည့် အဆောက်အအုံ ---------------------------------
အမျိုးအစား/ တိုးချဲ့လိုသည့်ဂင်းခြံ ---------------------------------
နယ်နိမိတ်အကျယ်အဂန်း ---------------------------------

၅။ အဆောက်အအုံ/ ဂင်းခြံ၏ ---------------------------------
လက်ရှိအခြေအနေ၊ ---------------------------------
အတိုင်းအတာအသေးစိတ် ---------------------------------
(ရှေ့၊ နောက်၊ ဂဲ၊ ယာ ဓာတ်ပုံများ ---------------------------------
ပူးတွဲဖော်ပြရန်) ---------------------------------

၆။ တည်ဆောက်/ တိုးချဲ့ဆောက်လုပ်/ ---------------------------------
ပြင်ဆင်လိုသည့်အကြောင်းအရင်း ---------------------------------
(ပြည့်စုံစွာဖော်ပြရန်) ---------------------------------

၇။ တည်ဆောက်/ တိုးချဲ့ဆောက်လုပ်/ ---------------------------------
ပြင်ဆင်မည့်ပုံစံ (အတိုင်းအတာ ---------------------------------
အသေးစိတ်နှင့် ပုံဆွဲများပူးတွဲ၍ ---------------------------------
ပြည့်စုံစွာဖော်ပြရန်) ---------------------------------

၈။ လုပ်ငန်းဆောင်ရွက်ရန် ---------------------------------
ကြာမြင့်မည့်ကာလ (ခန့်မှန်း) ---------------------------------

၉။ <u>လျှောက်ထားသူ၏ ဂန်ခံကတိပြုချက်</u>

အထက်ဖော်ပြပါ အချက်အလက်များနှင့် ပူးတွဲပါအချက်အလက်များ အားလုံး မှန်ကန်ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး

ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲအခြား ဥပဒေများနှင့် ခွင့်ပြုအမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ---------------------------------

အမည် ---------------------------------

မှတ်ပုံတင်/ ---------------------------------

နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ်

ပူးတွဲ-

(၁) အဆောက်အအုံ၏ လက်ရှိအခြေအနေပြ (ရှေ့၊ နောက်၊ ဝဲ၊ ယာ) ဓါတ်ပုံ၄ပုံ

(၂) တည်ဆောက်/ တိုးချဲ့ /ပြင်ဆင်မည့်အဆောက်အအုံပုံစံ/တိုးချဲ့ ဝင်းခြံနယ်နိမိတ် (ပုံဆွဲများ)

(၃) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်များ

(၄) အခြားလိုအပ်သည့်အထောက်အထားများ

ပုံစံ(၂)

**ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်**
**သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင်**
**အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ်**
**တိုးချဲ့ဆောက်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်**
**(နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ခ))**

ခွင့်ပြုမိန့်အမှတ် --------------------------- ရက်စွဲ ------------------------------------

၁။ ----------------------တိုင်းဒေသကြီး/ ပြည်နယ်၊ --------------------ခရိုင်၊--------------- မြို့နယ်၊------------------------------- မြို့/ရပ်ကွက်/ကျေးရွာရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်းအတွက် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲအခြားဥပဒေများ ခွင့်ပြုမိန့်ပါ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပါရန် ခွင့်ပြုလိုက်သည်-

(၁) ခွင့်ပြုသည့်ပုဂ္ဂိုလ်အမည်/ ------------------------------------
အဖွဲ့အစည်းအမည် ------------------------------------

(၂) မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေး ----------------------------------
ကတ်ပြားအမှတ်/ ------------------------------------
အဖွဲ့အစည်းမှတ်ပုံတင်အမှတ် ----------------------------------

(၃) တည်ဆောက်/ ---------------------------------
တိုးချဲ့ဆောက်လုပ်/ ----------------------------------
ပြင်ဆင်လိုသည့် ---------------------------------
အဆောက်အအုံအမျိုးအစား/ ---------------------------------

(၄) တည်ဆောက်/ ------------------------------------

| | |
|---|---|
| တိုးချဲ့ဆောက်လုပ်/ | ---------------------------------- |
| ပြင်ဆင်ခွင့်ပြုသည့်ပုံစံ/ | ---------------------------------- |
| တိုးချဲ့ခွင့်ပြုသည့် | ---------------------------------- |
| ဝင်းခြံနယ်နိမိတ်အကျယ်အဝန်း | ---------------------------------- |
| (၅) စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ | ---------------------------------- |
| (၆) ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ | ---------------------------------- |

(၇) လိုက်နာရမည့်စည်းကမ်းချက်များ

(ပူးတွဲပါရှိသည်)

၂။ ဖော်ပြပါစည်းကမ်းချက်များအား ဖောက်ဖျက်ပါက တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲအခြားဥပဒေအရ အရေးယူခြင်းခံရမည်။

ရုံးတံဆိပ်

| | |
|---|---|
| လက်မှတ် | ------------------------------- |
| ခွင့်ပြုမိန့်ထုတ်ပေးသူ | ------------------------------- |
| ရာထူး | ------------------------------- |
| ဦးစီးဌာန | ------------------------------- |

ပုံစံ(၃)

**ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်**
**သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင်**
**ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှအပ**
**အခြားအဆောက်အအုံကိုပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဂင်းခြံ**
**နယ်နိမိတ်တိုးချဲ့ခြင်းအတွက် လျှောက်လွှာ**
**(နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ-(ဂ))**

သို့

ဥက္ကဋ္ဌ
ယဥ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးကော်မတီ
တနင်္သာရီတိုင်းဒေသကြီး

အကြောင်းအရာ။ ------------------------------------------------------------------

**အတွက်ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း။**

--------------------တိုင်းဒေသကြီး/ ပြည်နယ်၊ ------------------ခရိုင်၊-------------- မြို့နယ်၊------------------------------ မြို့/ရပ်ကွက်/ကျေးရွာရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် အဆောက်အအုံမှအပအခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဂင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းအတွက် တနင်္သာရီတိုင်းဒေသကြီး ယဥ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲအခြားဥပဒေများနှင့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုမိန့်ရရှိနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လျှောက်ထားသည့်ပုဂ္ဂိုလ်အမည်/ | --------------------------------- |
| | အဖွဲ့အစည်းအမည် | ---------------------------------- |
| | (နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်ပါက | ---------------------------------- |
| | ဂန်ကြီးဌာနအမည်ဖော်ပြရန်) | ---------------------------------- |

| | | |
|---|---|---|
| ၂။ | မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေး | ---------------------------------- |
| | ကတ်ပြားအမှတ်/ | --------------------------------- |
| | အဖွဲ့အစည်းမှတ်ပုံတင်အမှတ် | --------------------------------- |
| | (အဖွဲ့အစည်း/အသင်းအဖွဲ့၏ | --------------------------------- |
| | မှတ်ပုံတင်ဓာတ်ပုံမိတ္တူ | --------------------------------- |
| | ပူးတွဲတင်ပြရန်) | |
| ၃။ | ဆက်သွယ်ရန်လိပ်စာ (အပြည့်အစုံ) | ---------------------------------- |
| | နှင့် တယ်လီဖုန်းနံပါတ် | ---------------------------------- |
| ၄။ | တည်ဆောက်/ တိုးချဲ့ဆောက်လုပ်/ | --------------------------------- |
| | ပြင်ဆင်လိုသည့် အဆောက်အအုံ | --------------------------------- |
